# JZu account

# T&Cs

YOMA BANK
The Responsible Bank.

JZu နှင့်သက်ဆိုင်သော စည်းကမ်းသတ်မှတ်ချက်များ

*အဓိပ္ပာယ်ဖွင့်ဆိုချက်များ*

ဤစည်းကမ်းသတ်မှတ်ချက်များသည် သင်၏ရိုးမဘဏ် JZu စာရင်းနှင့်သက်ဆိုင်သည်။ ယင်းက သင်နှင့် ရိုးမဘဏ်အကြားရှိ သဘောတူညီချက်တစ်ရပ် ဖြစ်ပါသည်။

ဘဏ်စာရင်းဖွင့်ခြင်းဟူသည် သင့်အနေဖြင့် ယင်းစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဟု သဘောတူခြင်းပင်ဖြစ်သည်။

- ”ဘဏ်စာရင်း/သင်၏ဘဏ်စာရင်း” ဟူသည် JZu စာရင်းကိုဆိုလိုသည်။
- "သဘောတူညီချက်" ဟူသည် သင်နှင့် ရိုးမဘဏ်အကြားရှိ ယင်းစည်းကမ်းသတ်မှတ်ချက်များကိုဆိုလိုသည်။
- "ကုန်ပစ္စည်း၏အသေးစိတ်ဖော်ပြချက်များ" ဟူသည် ဘဏ်စာရင်း၏ သီးသန့်အင်္ဂါရပ်များ သို့မဟုတ် စည်းမျဉ်းများကို ဆိုလိုသည်။
- "သင်" ဟူသည် ဘဏ်စာရင်းကိုကိုင်ဆောင်ထားသူကို ရည်ညွှန်းသည်။
- "ကျွန်ုပ်တို့သည်/ကျွန်ုပ်တို့ကို/ကျွန်ုပ်တို့၏/ရိုးမ/ဘဏ်” ဟူသည် ရိုးမဘဏ်ကို ရည်ညွှန်းသည်။

ထုတ်ကုန်ဆိုင်ရာ သီးသန့်စည်းကမ်းသတ်မှတ်ချက်များ ။

အဆိုပါ စည်းကမ်းသတ်မှတ်ချက်များသည် JZu နှင့်သက်ဆိုင်သည့် စည်းကမ်းသတ်မှတ်ချက်များဖြစ်သည်။ www.yomabank.com တွင်ဖော်ပြထားသည့် ရိုးမဘဏ်၏ ဒီဂျစ်တယ်ဘဏ်လုပ်ငန်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်ပူးတွဲ၍ ဖတ်ရှုပါ။

- ဘဏ်စာရင်းမဖွင့်ခင် ဘဏ်အနေဖြင့် သင်၏အထောက်အထား၊ အိမ်လိပ်စာအပြင် ဘဏ်စာရင်းကိုင်ဆောင်ထားသူတစ်ဦးအဖြစ် သင့်အနေနှင့်ကိုက်ညီသင့်လျော်မှုတို့ကို မှန်ကန်ကြောင်း အတည်ပြုရမည်ဖြစ်သည်။ ဘဏ်အနေဖြင့် ဘဏ်စာရင်းဖွင့်ခြင်းကို ငြင်းပယ်နိုင် သည့်အခွင့်အရေး သို့မဟုတ် အပ်နံငွေ လက်ခံခြင်းကို ငြင်းပယ်နိုင်သည့်အခွင့်အရေးရှိသည်။
- စာရင်းဖွင့်လိုသည့်customerများအနေဖြင့် ရိုးမဘဏ်၏ Smart account ရှိထားရပါမည်။
- စာရင်းစတင်ဖွင့်လှစ်ရန် အနည်းဆုံးငွေပမာဏမှာ မြန်မာငွေ ၁၀၀,၀၀၀ ကျပ်ဖြစ်သည်။ ဘဏ်၏ဆုံးဖြတ်ခွင့်ဖြင့် ဤပမာဏကို ပြောင်းလဲနိုင်သည်။
- လူတစ်ဦးလျှင် JZu Account တစ်ခုသာ ဖွင့်လှစ်အသုံးပြုနိုင်ပါသည်။
- တစ်ဦးချင်းအနေ ဖြင့်သာ JZu Account ကို ဖွင့်လှစ်အသုံးပြုနိုင်ပြီး ကုမ္ပဏီပိုင်စာရင်း (Enterprise ID)၊ ပူးတွဲစာရင်း (Joint Account) ဖြင့် JZu Account ကို ဖွင့်လှစ်၍ မရပါ။
- အနည်းဆုံး စာရင်းလက်ကျန် မြန်မာငွေ ၁၀၀,၀၀၀ ကျပ်နှင့် အထက်ရှိသည့် လအတွက် ဘဏ် စာရင်းတစ်ခုချင်းစီသည် လစဉ် ဆုရွေးချယ်မှုအစီအစဉ်တွင် ပါဝင်ခွင့်ရရှိပါမည်။ လတစ်လအတွင်း အနည်းဆုံးစာရင်းလက်ကျန်သည် ယင်းငွေပမာဏအောက် လျော့နည်းနေက ယင်းလ၏ ဆုရွေးချယ်မှု အစီအစဉ်တွင် ပါဝင်ခွင့်မရှိပေ။

- ဘဏ်စာရင်းစဖွင့်သည့် ပထမဦးဆုံးလတွင် ၂၆ရက်နေ့မတိုင်မီ account ဖွင့်လှစ်ခဲ့ပါက ဘဏ်စာရင်း၏ အနည်းဆုံး စာရင်းလက်ကျန်ကို စဖွင့်သည့်ရက်မှ ယင်းလ၏ နောက်ဆုံးရက်အထိ စစ်ဆေး မည်ဖြစ်သည်။
    - ထိုသို့မဟုတ်ပါက ဘဏ်စာရင်းကို ၂၆ ရက် သို့မဟုတ် ယင်းနောက်ပိုင်းမှ ဖွင့်ခဲ့ပါက၊ ပထမဆုံးလအတွက် ဆုရွှေးချယ်မှုအစီအစဉ်တွင် ပါဝင်ခွင့်ရရှိမည် မဟုတ်ပါ။
    - နောက်ပိုင်း လများတွင် ဘဏ်စာရင်း၏ အနည်းဆုံး စာရင်းလက်ကျန်ကို ၁ရက်နေ့မှစ၍ နောက်ဆုံးရက်အထိ စစ်ဆေး မည်ဖြစ်သည်။ ဆုရွှေးချယ်မှုအစီအစဉ်၌ ပါဝင်နိုင်ရန် ၁ ရက်နေ့မှစ၍ နေ့စဉ်အနည်းဆုံးစာရင်းလက်ကျန် မြန်မာငွေ ၁၀၀,၀၀၀ ကျပ် ထားရှိရမည် ဖြစ်သည်။
    - အတိုးနှုန်းအား ဘဏ်က သတ်မှတ်ဆုံးဖြတ်ထားသော နှစ်စဉ်ပေးအပ်မည့် နှုန်းထားများနှင့်အညီ နေ့စဉ်တွက်ချက်ပေးမည်ဖြစ်သည်။ အတိုးနှုန်းပြောင်းလဲမှုရှိပါက ဘဏ်ခွဲများမှသော်လည်းကောင်း၊ အွန်လိုင်း မှသော်လည်းကောင်း အသိပေးကြေညာမည် ဖြစ်ပြီး အတိုးနှုန်းပြောင်းလဲမှုသည် ချက်ချင်း အကျိုးသက်ရောက်မည် ဖြစ်သည်။
    - အတိုးကို နေ့စဉ် တွက်ချက်၍ စုပေါင်းရရှိသည့်အတိုးကို Customer ၏ JZu ဘဏ်စာရင်းထဲသို့ လစဉ် လကုန်ရက်တွင် တိုက်ရိုက် ထည့်သွင်းပေးမည်ဖြစ်သည်။
    - လတစ်လအတွင်း အနည်းဆုံး စာရင်းလက်ကျန်သည် မြန်မာကျပ်ငွေ ၁၀၀,၀၀၀ အောက်လျော့ နည်းနေသော်လည်း အတိုးနှုန်း ၃% ရရှိမည်ဖြစ်ပါသည်။
- ကနဦးဆုရွှေးချယ်ပေးအပ်မည့် စုစုပေါင်း ငွေပမာဏသည် ကျပ် သိန်း ၃၀၀ ဖြစ်ပြီး JZu account ၏ အပ်ငွေ တိုးတက်များပြားလာသည်နှင့်အမျှ ဆုရွှေးချယ်ပေးအပ်မည့် စုစုပေါင်း ငွေပမာဏအား ကျပ် သိန်း ၂၀၀၀ အထိ တိုးမြှင့်ပေးအပ်သွားပါမည်။ မည်သို့ပင်ဆိုစေကာမူ လတစ်လ၏ ဆုရွှေးချယ်မှုအစီအစဉ်တွင် နောက်ဆုံး ဆုရရှိမည့်သူ၏ အပ်ငွေသည် စုစုပေါင်းလစဉ်ပေးအပ်မည့် ဆုငွေပမာဏထက် ကျော်လွန်နေပါက ထပ်ဆောင်း ကျပ်သိန်း ၃၀၀ အထိ ရရှိနိုင်ပါသည်။
- လစဉ် ဆုရွှေးချယ်ပေးအပ်မည့် စုစုပေါင်း ပမာဏသည် လစဉ် ပျမ်းမျှ JZu Account သို့အပ်နှံငွေစုစုပေါင်း၏ ၂.၅ % အထိ တွက်ချက်ပေးအပ်ခြင်း ဖြစ်ပါသည်။
- ယင်း လစဉ်ဆုရွှေးချယ်ပေးအပ်မည့် စုစုပေါင်း ငွေပမာဏအား ဘဏ်က အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသတ်မှတ်ပိုင်ခွင့်ရှိပါသည်။ ပြောင်းလဲသတ်မှတ်မှုများကို ရိုးမဘဏ်၏ ဝက်ဘ်ဆိုက် သို့မဟုတ် အခြား နည်းလမ်းများမှတစ်ဆင့် အသိပေးကြော်ငြာသွားပါမည်။

- သင်၏ဘဏ်စာရင်းအတွင်း ငွေအပ်နှံမှုများနှင့် လွှဲပြောင်းမှုများ ပြုလုပ်နိုင်ပါသည်။
- ဆုရွှေးချယ်စစ်ဆေးမည့်အဖွဲ့နှင့် သီးခြားရွှေးချယ်ထားသော ရိုးမဘဏ် ဝန်ထမ်းများမှလွဲ၍ ကျန်ရိုးမဘဏ် ဝန်ထမ်းများကို JZu Account ဖွင့်လှစ်ခွင့်ပေးထားပါသည်။
- သတ်မှတ်သည့်နေ့ရက်မတိုင်ခင် Account ထဲသို့ စာရင်းရှင်းလင်းခြင်း မပြုရသေးသော ငွေကြေးများ (ဥပမာ- ချက်လက်မှတ်ဖြင့် ငွေအပ်နှံခြင်း) သည် ဆုရွှေးချယ်မှုတွင် ပါဝင်မည် မဟုတ်ပါ။
- ကွယ်လွန်ပြီးသူ၏ အမွေဆက်ခံခြင်း၊ လုပ်ငန်း စာရင်းရှင်းဖျက်သိမ်းခြင်း သို့မဟုတ် တရားရုံးမှ စီရင်ချက်အရ ရရှိလာသော ပိုင်ဆိုင်မှု စသည်တို့နှင့်သက်ဆိုင်သည့် ဘဏ်စာရင်းများကို ဆုရွှေးချယ်မှုတွင် ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
- ဘဏ်မှ အကြောင်းကြားမှုကို လက်ခံရရှိချိန်တွင် ကွယ်လွန်ပြီးသူ၏ အမွေဆက်ခံခွင့်အရ ဖြစ်ပေါ်လာသော ဘဏ်စာရင်းများကို ဆုရွှေးချယ်မှုတွင် ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
- အောက်ပါအခြေအနေများ ဖြစ်ပေါ်နေပါက ကျွန်ုပ်တို့အနေဖြင့် ဘဏ်စာရင်းကိုပိတ်သိမ်းနိုင်ပါသည်။
    - စာရင်းလက်ကျန်တွင် (သုည) ကျပ်သာ ရှိပြီး အချိန် ၆ လကျော်သည်အထိ ဘဏ်စာရင်းအား အသုံးပြုခြင်း မရှိသည့်အခါတွင်၊
    - စာရင်းလက်ကျန်တွင် မြန်မာငွေ ၁၀၀၀၀၀ ကျပ်အောက်သာ ရှိ၍ (၁၂) လကျော်အချိန်အထိ ဘဏ်စာရင်းအား အသုံးပြုခြင်းမရှိသည့်အခါတွင်၊

- အထက်ပါမည်သည့်ကိစ္စတွင်မဆို နောက်ဆုံးသိထားသည့်သင်၏နေရပ်လိပ်စာသို့ ယင်းကဲ့သို့ ပိတ်သိမ်းမှုကို ကြိုတင်၍အကြောင်းကြားစာပေးပို့ပါမည်။
- လိမ် လည်သည့်ဖြစ်ရပ်၊ လိမ်လည်သည်ဟုသံသယဖြစ်ဖွယ်ရာကိစ္စ သို့မဟုတ် ဥပဒေမှ ရိုးမဘဏ်အား တွန်းအားပေးသည့်ကိစ္စရပ်တို့တွင် ရိုးမဘဏ်အနေဖြင့် ဘဏ်၏ အကျိုးစီးပွားကို ကာကွယ်ခွင့်ရှိသည်။ ထို့ကြောင့် သင့်ဘဏ်စာရင်းအား ပိတ်သိမ်းမှုပြုလုပ်နိုင်ကောင်း ပြုလုပ်နိုင်သည်။

- JZu ဘဏ်စာရင်းဖွင့်ခြင်းသည် အယ်ဒီတာအာဘော်၊ ကြော်ငြာ၊ ဈေးကွက်မြှင့်တင်မှု၊ ဈေးကွက်ရှာဖွေမှုနှင့်/သို့မဟုတ် အခြားသောရည်ရွယ်ချက်ဖြင့် Customer အား ထိခိုက်နစ်နာမှုမရှိစေဘဲ ရိုးမဘဏ်က Customer ၏အမည်၊ ပုံရိပ်၊ အသံနှင့်/သို့ အလားတူတို့ကို ဥပဒေဖြင့် တားမြစ်ထားသောနေရာမှလွဲ၍ အခကြေးငွေတစ်စုံတစ်ရာမျှ ပေးချေစရာမလိုဘဲ အသုံးပြုနိုင်ကြောင်း Customer ထံမှ သဘောတူညီချက် ရရှိပြီး ဖြစ်သည်ဟု မှတ်ယူပါသည်။
- ရိုးမဘဏ်အနေဖြင့် မည်သည့် အချိန်၌မဆို JZu ဘဏ်စာရင်း၏အင်္ဂါရပ်များကို ပြင်ဆင်ခွင့် ရှိထားပါသည်။ ယင်းတွင် မည်သည့်အချိန်၌မဆို ဆုအစီအစဉ် (နှင့်ဆုကြေးများ) ကို ဖယ်ရှားခွင့်/ပြောင်းလဲခွင့်ရှိပါသည်။

ဆုရွေးချယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ

- လတစ်လ၏ပထမဆုံး တနင်္လာနေ့တွင် JZu ဘဏ်စာရင်းထဲမှ ယခင်လ၏ အနည်းဆုံးစာရင်းလက်ကျန်ကို စစ်ဆေးပါမည်။ မြန်မာငွေ ၁၀၀,၀၀၀ ကျပ်နှင့် အထက် ရှိသော ဘဏ်စာရင်းသည် JZu ၏ဆုရွေးချယ်မှုအစီအစဉ်အတွင်းသို့ ပါဝင်ခွင့်ရှိမည်ဖြစ်သည်။
- လတိုင်း၏ ဆုရွေးချယ်မည့်နေ့ရက်များကို Facebook စာမျက်နှာများနှင့် www.yomabank.com တွင်ဖော်ပြထားသည်။
- Customerများသည် ဆုရွေးချယ်ခံရပါက ချက်ချင်းသိရှိခွင့် ရရှိမည် ဖြစ်သည်။
  - ဆုရရှိသူများကို တစ်ဦးချင်းရွေးချယ်သွားမည်ဖြစ်ပြီး ၎င်းတို့၏ ယခင်လ၏ အနည်းဆုံးစာရင်းလက်ကျန်ပေါ် မူတည်၍ ဆုချီးမြှင့်သွားမည်ဖြစ်သည်။
  - ဆုပေးအပ်မည့် ဘဏ်စာရင်း/လူအရေအတွက်ကို ကန့်သတ်ထားခြင်း မရှိဘဲ ဆုရွေးချယ်မှုအစီအစဉ်တွင် ပေးအပ်ရန် သတ်မှတ်ထားသော စုစုပေါင်းငွေပမာဏ ကုန်ဆုံးသွားသည်အထိ အကျုံးဝင်မည် ဖြစ်သည်။
  - ဆုရရှိသူတစ်ဦးအတွက် အမြင့်ဆုံးပေးအပ်မည့် ဆုငွေသည် prize pool လက်ကျန်ဆုငွေနှင့် ကျော်လွန်ပေးအပ်ရန်သတ်မှတ်ထားသော ဆုငွေ ကျပ်သိန်း ၃၀၀ ဖြစ်သည်။
  - ဆုရွေးချယ်မှုပုံစံ (သို့မဟုတ်) ဆုငွေပမာဏကို ရိုးမဘဏ်မှ မည်သည့်အချိန်၌မဆို ပြောင်းလဲသတ်မှတ်ခွင့်ရှိသည်။
- ဆုရရှိသူများကို SMS နှင့် email များမှတဆင့်ဆုရရှိကြောင်း ရေးသားအကြောင်းကြားမည်ဖြစ်သည်။
  - စာရင်းပိုင်ရှင်များသည် ထိုအကြောင်းကြားမှုကိုရရှိရန် ၎င်းတို့၏ လက်ရှိ ဖုန်းနံပါတ်နှင့် e-mail လိပ်စာကို ရိုးမဘဏ်သို့ မှန်ကန်စွာပေးထားရန် လို အပ်သည်။
- လစဉ် ဆုရရှိသူ ရွေးချယ်မှုကို ရိုးမဘဏ်မှပြုလုပ်သော ပွဲ၌ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။
- JZu Account ဖွင့်ခြင်းသည် ရိုးမဘဏ်က customer ၏ အရှေ့ဆုံးနာမည်တစ်လုံး၊ ဆုရရှိသည့် ပမာဏ နှင့် အကောင့်နံပါတ် တစ်စိတ်တစ်ပိုင်း တို့ကို လစဉ် ဆုရွေးချယ်ပွဲ အခမ်းအနား၊ အွန်လိုင်း သို့မဟုတ် သို့မဟုတ် အခြားသောမည်သည့် channel အစီအစဉ်နှင့် ဖြစ်စေ ဖော်ပြ အသုံးပြုနိုင်ကြောင်း customer ထံမှ သဘောတူညီချက်ရရှိပြီး ဖြစ်သည်ဟု မှတ်ယူပါသည်။
- ဘဏ်စာရင်းတစ်ခု/စာရင်းပိုင်ရှင်တစ်ဦးသည်တစ်ကြိမ်တွင် ဆုတစ်ခုသာ ရရှိခွင့်ရှိသည်။ (လစဉ်လတိုင်းတွင်)
- ဆုရွေးချယ်ပြီးနောက် ၁၀ရက်အတွင်း ဆုရရှိသူများကို ရိုးမဘဏ်က အကောင်းဆုံးကြိုးစားကာ ဆုများ ဆုများပေးအပ်သွားမည်ဖြစ်သည်။
  - ဆုများကို JZu Account ထဲသို့ တိုက်ရိုက်ထည့်သွင်းပေးသွားမည်ဖြစ်သည်။

    - ဆုရရှိသူ Customer အား ဆုကို နမူနာချက်လက်မှတ်ဖြင့် သက်မှတ်ထားသော ဘဏ်ခွဲများတွင် ပေးအပ်သွားမည်ဖြစ်သည်။
- အထွေထွေစုံစမ်းမေးမြန်းမှုကို Call Centre နံပါတ် ၀၉၇၉၆၆၂၉၆၆၂ မှတစ်ဆင့် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။
- ရိုးမဘဏ်၏ဆုံးဖြတ်ချက်သည်သာအပြီးသတ်ဖြစ်ပြီးယင်းနှင့် ညီညွတ်ကိုက်ညီမှုမရှိပါက လက်ခံမည် မဟုတ်ပါ။
- ဆုရွေးချယ်ခံရခြင်း သို့မဟုတ် ဆုငွေများလက်ခံခြင်းဖြင့် Customer သည် ရိုးမဘဏ် အနေဖြင့် ဆုရွေးချယ်မှုတွင် Customer က ပါဝင်ခြင်း သို့မဟုတ် ဆုငွေများကိုလက်ခံခြင်းမှ ဖြစ်ပေါ်လာ သည့် ပေးဆပ်ရန်တာဝန်နှင့် မည်သည့်တောင်းဆိုမှုအတွက်မဆို (ယင်းတောင်းဆိုမှု များကို ဥပဒေဖြင့် ဖယ်ချ ဖယ်ချန်မထားနိုင်ခြင်းမှလွဲ၍) တာဝန်ရှိလိမ့်မည် မဟုတ်ကြောင်း သဘောတူညီ ပါသည်။ (ဆုံးရှုံးမှု သို့မဟုတ် ထိ ထိခိုက်မှုနှင့် မည်သည့် အထူးဆုံးရှုံးမှုများ၊ သွယ်ဝိုက်သော သို့မဟုတ် အကျိုးဆက်ဖြစ်သော ဆုံး ဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ မည်သည့် တောင်းဆိုမှုမဆို ပါဝင်သည်။)

ပွင့်လင်းမြင်သာရှိမှု

- ဆုရွေးချယ်မှုနှင့်ပတ်သက်သည့်အစီအစဉ်အားလုံး (လုပ်ငန်းတွင်း၊ လုပ်ငန်းပြင်) နှင့် ဆုပေးခြင်းသည် ပွင့်လင်းမြင်သာမှုရှိပြီး စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုရှိကြောင်းကို သေချာစေရန် ဆု ဆုရွေးချယ်မှု အစီအစဉ်များကို အမှီအခိုကင်းသောပြင်ပ အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှု အော အောက်တွင်ပြုလုပ်မည်ဖြစ်သည်။ (ဥပမာအားဖြင့် ဥပဒေ အကြံပေးလုပ်ငန်း/အစုအဖွဲ့၊ စာရင်းစစ်လုပ်ငန်း/အစုအဖွဲ့များ)
- လစဉ် ဆုရွေးချယ်မှုကို အမှီအခိုကင်းသောပြင်ပအဖွဲ့အစည်းကို သက်သေထား၍ ရိုးမဘဏ် Facebook Page တွင် တိုက်ရိုက်ထုတ်လွှင့်မှု ပြုလုပ်မည်။

ဝန်ဆောင်ခနှင့် အဖိုးအခများ။

- ဤဘဏ်စာရင်းသည် စာရင်းထိန်းသိမ်းခ ပေးဆောင်ရန် မလိုအပ်ပါ။
- ရိုးမဘဏ်အနေဖြင့် JZu နှင့်သက်ဆိုင်သည့် ဝန်ဆောင်ခများနှင့် အဖိုး အခများကို အခါအားလျော်စွာ ပြောင်းလဲခွင့်ရှိပါသည်။ ယင်းပြောင်းလဲမှုများကို ရိုးမဘဏ် website၊ အခြားအွန်လိုင်းစာမျက်နှာများ (သို့မဟုတ်) အခြားနည်းလမ်းများဖြင့် ကြိုတင်အသိပေးသွားမည် ဖြစ်သည်။

ရှင်းတမ်းများ

- နှစ်စဉ် ဘဏ်စာရင်းရှင်းတမ်းများကို ထုတ်ပေးမည်ဖြစ်သည်။
- ရှင်းတမ်းများကို လက်ခံရရှိသည်နှင့် တိကျမှုကို စစ်ဆေးသင့်ပါသည်။ မည်သည့် ချို ချို့ယွင်းချက်မဆိုကို ရိုးမဘဏ်သို့ ရက်ပေါင်း (၃၀) အတွင်း အကြောင်းကြားရမည်ဖြစ်သည်။ သို့မဟုတ်ပါက ရှင်းတမ်းကို မှန်ကန်သည်ဟု ယူဆမည်ဖြစ်သည်။
- ရှင်းတမ်းတွင်ပေါ်နေသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အငြင်း ပွားမှုဖြစ်ပွားပါက၊ ကျွန်ုပ်တို့၏ မှတ်တမ်းများသည် အထောက်အထားဆိုင်ရာ မူလရင်းမြစ်ဖြစ်မည်။

လျှို့ဝှက်ထားရှိမှု

သင်၏ပုဂ္ဂိုလ်ရေးဆိုင်ရာသတင်းအချက်အလက်တို့ကို လျှို့ဝှက်အဖြစ် မှတ်ယူမည်ဖြစ်ပြီး၊ အောက်ပါအခြေအနေများမှလွဲ၍ ဖွင့်ဟထုတ်ဖော်မည်မဟုတ်ပါ။

- ဥပဒေရေးရာအကြောင်းပြချက်များဖြင့် ယင်းသို့ပြုလုပ်ရန်  မဖြစ်မနေလိုအပ်သောအခါ။
- အများပြည်သူအကျိုးစီးပွားအတွက်ဖွင့်ဟထုတ်ဖော်ရန် လိုအပ်သောအခါတွင်။
- ကျွန်ုပ်တို့၏အကျိုးအမြတ်အတွက် ဖွင့်ဟထုတ်ဖော်ရန်လိုအပ်သည့်အခါတွင်။
- သင့်အနေဖြင့် သဘောတူညီချက်ပေးသည့်အခါတွင်။

ဘဏ်နှင့်အဆက်သွယ်ပြုလုပ်ခြင်း

- မည်သည့်ဆက်သွယ်မှုကိုမဆို (စာများ၊ ရှင်းတမ်းများ၊ စသည်တို့ကို) နောက်ဆုံးသိရှိထားသည့် သင့်အီမ်လိပ်စာသို့ ပို့ပေးမည်ဖြစ်သည်။
- သမာရိုးကျဥပဒေရေးရာသတိပေးစာများနှင့် ဆင့်ခေါ်စာများကို  နောက်ဆုံးသိထားသည့် သင့်နေရပ်လိပ်စာသို့ ပေးပို့မည်ဖြစ်သည်။
- သင့်အား ဆက်သွယ်ရမည့် အသေးစိတ်အချက်အလက်တို့ပြောင်းလဲမှုကိုရိုးမဘဏ် ဘဏ်ခွဲများ၌ သို့မဟုတ် Yoma Bank Call Center မှတစ်ဆင့် ကျွန်ုပ်တို့အား အကြောင်းကြားရေးမှာ သင်၏တာဝန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ စနစ်များတွင် ပြောင်းလဲမှုကို မှတ်ပုံတင်ရန်အချိန်ကာလ (၇) ရက်အထိ ကြာမြင့်နိုင်ပါသည်။
- စာတိုက်မှတစ်ဆင့် သင့်ထံသို့ ကျွန်ုပ်တို့ပေးပို့သည့် မည်သည့်စာကိုမဆို စာတိုက်မှ          ပေးပို့သည့် (၁၄) ရက်အတွင်း သင့်အနေဖြင့်ရရှိပြီးဖြစ်သည်ဟု စဉ်းစားမည် ဖြစ်သည်။

စည်းကမ်းသတ်မှတ်ချက်များကို ပြုပြင်ခြင်း

- ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏လုပ်ပိုင်ခွင့်ဖြင့် မည်သည့်စည်းကမ်းသတ်မှတ်ချက်မဆို  နှင့်/သို့မဟုတ် ဘဏ်စာရင်း၏ အသေးစိတ်အချက်အလက်များ၊ အင်္ဂါရပ်များ သို့မဟုတ်  အခြားသောရှုထောင့်အမြင် အကြောင်းအရာတို့ ကို ပြောင်းလဲနိုင်ပါသည်။  ယင်းပြောင်းလဲမှုတို့ကို သင့်ထံ သို့ကြိုတင်အသိပေး အကြောင်းကြားမည်ဖြစ်သည်။
- ယင်းပြုပြင်ပြောင်းလဲမှုတို့သည် သင်နှင့်ဘဏ်အကြားတွင် သဘောတူညီချက်အသစ် တစ်ရပ်ကို ဖြစ်ပေါ်စေမည်မဟုတ်ပါ။
  - မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ညွှန်ကြားချက်တစ်ရပ်၏ရလဒ်တစ်ခုအပါအဝင် မည် သည့် အကြောင်းပြချက်အတွက်မဆို ကျွန်ုပ်တို့အနေဖြင့် ဤ ဘဏ်စာရင်းကို သို့မဟုတ် ဤဘဏ်စာရင်း နှင့်စပ်လျဉ်းသည့် အခြားသောအင်္ဂါရပ်များ သို့မဟုတ် ဘဏ်စာရင်း ဆိုင်ရာ လိုအပ်သည့် မည်သည့်ပြောင်းလဲမှုမဆိုနှင့်/သို့မဟုတ် အင်္ဂါရပ်များကို ကမ်း လှမ်းခြင်းအား မည်သ မည်သည့် အချိန်၌မဆို ရပ်ဆိုင်း (သို့မဟုတ်) ဖျက်သိမ်းနိုင်သည်။ သင့်အနေဖြင့် ကျွန်ုပ်တို့ဘဏ် မှဘဏ်စာရင်းအား ရပ်ဆိုင်းမှု၊ ရပ်သိမ်းမှု သို့မဟုတ် ဆက်မသွားမှုတို့နှင့် စပ်လျဉ်း၍ တရားစွဲဆိုခွင့်ရှိမည်မဟုတ်ပါ။

စီရင်ပိုင်ခွင့်

- ဤသဘောတူညီချက်နှင့်စပ်လျဉ်း၍ဖြစ်ပေါ်လာသည့် အငြင်းပွားမှုများ နှင့်  သင့်ထံမှ ရရှိရန်ရှိ သည်တို့ ကိုတောင်းခံခြင်း အပါအဝင် မည်သည့်ဖြစ်ရပ်အတွက်ကိုမဆို တရားစီရင်ရာတွင် ကျွမ်းကျင်မှုရှိ သည့် တရားရုံးထံတွင် တရားစွဲဆိုနိုင်သည်ဟု သင့်အနေဖြင့် သဘောတူပါသည်။
- ကျွန်ုပ်တို့အားပေးရန်ရှိသည့် မည်သည့် ကြွေးတင်နေသေးသောပမာဏကိုမဆို ပြန်လည် တောင်းခံရာတွင်  ဥပဒေရေးရာကုန်ကျစရိတ်များအပါအဝင် ဘဏ်၏ ကုန်ကျ စရိတ်အားလုံးကို ပေးရန် သင့်အနေဖြင့် သဘောတူညီပါသည်။

အခြား

- ဤလျှောက်ထားမှုကို ဆောင်ရွက်ရာတွင် ဘဏ်အနေဖြင့် မည်သည့်အဖွဲ့အစည်းနှင့်မဆို မှတ်တမ်းယူထားသည့် သင်၏ မည်သည့်သတင်းအချက်အလက်ကိုမဆို ရယူနိုင်ကြောင်း သင့်အနေဖြင့် အသိအမှတ်ပြုပါသည်။
- ဘဏ်နှင့်သင်၏ဆက်ဆံရေးအခြေအနေနှင့် ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်းသည့် မည်သည့်သတင်းအချက်အလက်မဆိုကို ဘဏ်၏အခြားမည်သည့်ဌာနမဆိုအပြင်၊ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့အစည်း(Credit Bureau) သို့မဟုတ် အလားသဏ္ဍာန်တူအေဂျင်စီတို့မှ အသုံးပြုနိုင်ကြောင်းနှင့် ယင်းတို့ကို ဖွင့်ဟနိုင်ကြောင်း သင့်အနေဖြင့် အတည်ပြုပါသည်။
- သင်သည် စီမံခန့်ခွဲရေးအမိန့် (administrative order) အောက်တွင်ရှိပါက၊ သင်၏ ပစ္စည်းတို့ကို သိမ်းယူထားပါက၊ သို့မဟုတ် အခြားသော မည်သည့်ပုံစံနှင့်မဆို ဥပဒေ ရေးရာအရ ချို့ယွင်းနေမှုရှိပါက ဘဏ်အား ချက်ချင်းအကြောင်းကြားရမည်။
- ဤစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဥပဒေများဖြင့် လွှမ်းမိုးထားပါသည်။